Australian Government

Job Services Australia
people • skills • jobs

# သီးနှံရိတ်သိမ်းခြင်း အစီအစဉ်

သီနှံရိတ်သိမ်းခြင်း အစီအစဉ် (Harvest Trail initiative) သည် သင့်အား ဩစတြေးလျားနိုင်ငံတဝှမ်း သီးနှံရိတ်သိမ်းသူ အလုပ်သမားအဖြစ် ကျေးလက်နှင့် သီးနှံစိုက်ပျိုးရာ ဒေသများတွင် အလုပ်ရရန် ကူညီနိုင်သည်။

Harvest သီးနှံရိတ်သိမ်းသောအလုပ်သည် သီးနှံနှင့် ဟင်းသီးဟင်းရွက်များကို ရိတ်သိမ်းရန် အလုပ်သမား မလုံလောက်သည့်အခါတွင် တစ်နှစ်တာပတ်လုံး အလုပ်ရှိနေသောနေရာဖြစ်သည်။

သင် မည်သို့သော နောက်ခံအခြေအနေ၊ အသက်၊ လုပ်ခဲ့ဘူးသော အလုပ်များရှိသည်ဖြစ်စေ၊ ၎င်းတို့နှင့် မည်သို့မျှမဆိုင်ဘဲ သီးနှံရိတ်သိမ်းခြင်းအလုပ်က အောက်ဖော်ပြပါ အခွင့်အရေးများရရှိစေသည် -

- အလုပ်နှင့် ဩစတြေးလျားနိုင်ငံတစ်ဝှမ်း ခရီးသွားခြင်းကို တွဲလုပ်နိုင်သည်၊
- ကမ္ဘာတစ်ဝှမ်းမှ လူများကိုတွေ့ဆုံနိုင်သည်၊
- မတူသော အလုပ်မျိုးစုံကို ဆောင်ရွက်နိုင်သည်၊
- တစ်နှစ်ပတ်လုံး များသောအားဖြင့် အလုပ်ရှိနေသည်၊

သင့်အနေနှင့် နေရာဒေသတစ်ခုတွင် အခြေချလုပ်ကိုင်ရန် ရွေးချယ်နိုင်သည်။

## တနိုင်ငံလုံးဆိုင်ရာ သီးနှံရိတ်သိမ်းသူ အလုပ်သမားများအတွက် ပြန်ကြားရေး ဝန်ဆောင်မှု (National Harvest Labour Information Service) (NHLIS)

NHLIS သည် ပြည့်ပြည့်စုံစုံဖြစ်လုနီးပါး၊ အချိန်ကာလအလျောက် သီးနှံရိတ်သိမ်းသည့် အလုပ်နေရာ လစ်လပ်ခြင်းများနှင့် ရရှိနိုင်သောအခွင့်အရေးများအကြောင်းကို **harvesttrail.gov.au** တွင်ရှိသော Harvest Trail ဝက်(ဘ်)ဆိုက် တွင် တွေ့နိုင်ပါသည်။

NHLIS အနေနှင့် တနိုင်ငံလုံးဆိုင်ရာ သီးနှံရိတ်သိမ်းခြင်း လမ်းညွှန် **(National Harvest Guide)** ကို ပြုစုပြီး ဖြန့်ဝေပါသည်၊ ၎င်းလမ်းညွှန်စာအုပ်တွင် ဩစတြေးလျားနိုင်ငံတစ်ဝှမ်း ရှိနေသော သီးနှံရိတ်သိမ်းခြင်းဆိုင်ရာ အလုပ်ရရှိနိုင်သော အခွင့်အလမ်းများ၊ အလုပ်လုပ်ကိုင်ရသော အခြေအနေများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တည်းခိုနိုင်သည့် နေရာများပါရှိသည်။ ၎င်းလမ်းညွှန်စာအုပ်သည် **အခမဲ့** ဖြစ်ပြီး Harvest Trail ဝက်(ဘ်) ဆိုက်တွင် အင်တာနက်မှတဆင့် ရရှိနိုင်ပါသည်။ ၎င်းလမ်းညွှန်စာအုပ်ကို အနည်းဆုံး တစ်လတစ်ကြိမ် အချိန်မှန်မှန် ပြင်ဆင်ပြီး သီးနှံစိုက်ပျိုးရာ နေရာတစ်ခုခြင်းစီအကြောင်း ပါဝင်ကာ ဖော်ပြပါအဖွဲ့များမှဖြန့်ချိပါသည်။

- ဩစတြေးလျားနိုင်ငံ အလုပ်ရှာဖွေရေး ဝန်ဆောင်မှု (Job Services Australia) မှ ဝန်ဆောင်မှုပေးသူများ၊
- သီးနှံရိတ်သိမ်းရာနေရာရှိ စက်မှုလက်မှု လုပ်ငန်းအဖွဲ့များ၊
- Centrelink
- သက်ဆိုင်ရာ ပညာရေး အဖွဲ့အစည်းများ၊
- ခရီးသွား ဧည့်သည်များတည်းခိုရာနေရာများ၊
- ကျောပိုးအိတ်တစ်လုံးနှင့် ခရီးသွားသူများ တည်းခိုသည့် အဆောင်များ၊
- မြို့နယ် အစိုးရ ပြန်ကြားရေးဌာနများ၊
- ခရီးသွားလုပ်ငန်းများ၊
- အခြား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊

NHLIS သည် သီးနှံရိတ်သိမ်းခြင်း အလုပ်ဆိုင်ရာဝန်ဆောင်မှု (Harvest Labour Service) မှ ဝန်ဆောင်မှု ပေးသူများ၊ အခြားသော Job Services Australia ဝန်ဆောင်မှုပေးသူများ၊ စိုက်ပျိုးသူများ၊ စိုက်ပျိုးသူများ၏ အသင်းအဖွဲ့များနှင့် အလုပ်သမား စုဆောင်းသည့် အဖွဲ့အစည်းအမျိုးမျိုးတို့နှင့် ချိတ်ဆက်ထားသည်။ ထို့အပြင် ပြည်နယ်နှင့်ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့်လည်း အလုပ်ရှာသူများနှင့် အလုပ်ရှင်များ၏ သီးနှံရိတ်သိမ်းခြင်း ဆိုင်ရာ အခွင့်အလမ်းများ ပိုမိုတိုးတက်စေရန် ပူးပေါင်းလုပ်ဆောင်သည်။

## Harvest Labour Service

Harvest Labour Service ဝန်ဆောင်မှုပေးသူများက အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ပေးသည် -

- နိုင်ငံအနှံ့ဒေသများတွင် ရာသီအလိုက် သီးနှံရိတ်သိမ်းခြင်းဆိုင်ရာ အကြံဉာဏ် မပြတ်ပေးခြင်းနှင့် သတင်း အချက်အလက်များ ထုတ်ပြန်ပေးခြင်းဖြင့် အကူအညီပေးသည်၊
- မည်သည့်နေရာတွင် နေနိုင်သည်၊ အလုပ်ကို မည်သို့ရှာရသည်၊ လစာနှင့် အလုပ်နေရာ၏ အခြေအနေများအပြင် သီးနှံရိတ်သိမ်းခြင်း အလုပ်နှင့်ဆိုင်သော သိရှိလိုက်နာရမည့်အချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များ စသည့် သိကောင်းစရာများကို ထုတ်ပြန်ပေးသည်၊
- အခြားသော အလုပ်ရှာဖွေရေး ဝန်ဆောင်မှုပေးသူများနှင့် ကျောပိုးအိတ်တစ်လုံးဖြင့် လာရောက်ကြသည့် နိုင်ငံရပ်ခြားမှ ခရီးသည်များ တည်းခိုသည့်နေရာများတွင် သီးနှံရိတ်သိမ်းခြင်းဆိုင်ရာ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများကို ကြော်ငြာပေးသည်၊
- သီးနှံရိတ်သိမ်းသည့်ကာလတွင် စိုက်ပျိုးသူများနှင့် သူတို့၏ အလုပ်ဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးသည်၊
- အလုပ်ရှာသူများကို ဩစတြေးလျားနိုင်ငံတွင် အလုပ်လုပ်နိုင်၊ မလုပ်နိုင်နှင့် အလုပ်ရှင်အတွက် သင့်တော်၊ မတော် စိစစ် စစ်ဆေးပေးသည်၊
- အလုပ်ရှင်များနှင့် အဆက်အသွယ်လုပ်ပေးသည်၊
- ဒေသအတွင်းမှ အလုပ်သမားများ မလုံလောက်သည့်အခါ အလုပ်ရှင်များ၏ စိုက်ပျိုးသူများ အသင်းအဖွဲ့တို့ကို ချက်ခြင်း အကူအညီပေးသည်၊

## မည်သူတွေ ပါဝင်ဆောင်ရွက်နိုင်သလဲ?

ဩစတြေးလျားနိုင်ငံတွင် တရားဝင် အလုပ်လုပ်ခွင့်ရှိသူတိုင်းသည် ထောက်ပံ့ကြေးများကို ရနေသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလုပ်လုပ်နိုင်သည်။ ၎င်းတို့အထဲတွင် ဩစတြေးလျားနိုင်ငံကို သက်ဆိုင်ရာ အလုပ်လုပ်ခွင့်ဗီဇာဖြင့် လာရောက်နေသူ များလည်း ပါဝင်သည်။

## အလုပ် လျှောက်ထားရန် နည်းလမ်း

အကယ်၍သင်သည် သီးနှံရိတ်သိမ်းသော အလုပ်နေရာများအတွက် လျှောက်ထားလိုပါက -

- တနိုင်ငံလုံးဆိုင်ရာ သီးနှံရိတ်သိမ်းခြင်းအလုပ် National Harvest Labour ဆိုင်ရာ ပြန်ကြားရေး ဝန်ဆောင်မှုကို **1800 062 332** တွင် ဆက်သွယ်ပြီး သင်စိတ်ဝင်စားရာဒေသ၏ ဝန်ဆောင်မှုပေးသူနှင့် ဆက်သွယ်ပေးရန် ပြောပါ။
- Harvest Trail ဝက်(ဘ်)ဆိုက်ကို **harvesttrail.gov.au** တွင် ဖတ်ကြည့်ပါ၊ သို့မဟုတ်
- သီးနှံရိတ်သိမ်းခြင်း အလုပ်ဆိုင်ရာ ဝန်ဆောင်မှုမှ သင်နှင့် အနီးဆုံး ဝန်ဆောင်မှုပေးသူကို ဆက်သွယ်ပါ၊ သို့မဟုတ် တွေ့ဆုံပါ။

11FS09446JSA/burmese

## သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှု

သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကို *ကိုယ်ရေးကိုယ်တာအချက်အလက်များဆိုင်ရာ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ (Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း *လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ (Social Security (Administration) Act 1999)* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေး ရနေ၊ မနေ) သင် နှင့်ဆိုင်သောအချက်အလက်များကို သင့်လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့် ဆီးပေးနိုင်ရန်အတွက် Job Services Australia ဝန်ဆောင်မှုပေးသူများ၊ Department of Education, Employment and Workplace Relations (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

## ပိုမိုသိလိုပါက

**National Harvest Labour Information Service** ကို **1800 062 332** တွင် ဆက်သွယ်ပါ၊ သို့မဟုတ် **harvesttrail.gov.au** တွင် ဖတ်ကြည့်ပါ။